www.dhammadownload.com

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၄၇)

# တမလွန်ဘဝက ဆွေမျိုးများအရေး

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာခုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

www.dhammadownload.com

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# တမလွန်ဘဝက ဆွေမျိုးများအရေး

www.dhammadownload.com

တရားစာအုပ်များကို

ဓမ္မစာပေ အလှူငွေဖြင့်

ပုံနှိပ်ဖြန့်ဝေသည်

www.dhammadownload.com

# တမလွန်ဘဝက ဆွေမျိုးများအရေး

သာသနာတော်နှစ် ၂၅၅၃-နှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၄)ရက်၊ ရန်ကုန်တိုင်း လှိုင်မြို့နယ် ကျောင်းကုန်း (၁,၂,၃)လမ်း လူငယ်များ၏ ဒုတိယအကြိမ်မြောက် ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ဓမ္မပူဇာ၊ဓမ္မသဘင်အခမ်းအနားဝယ် ဟောကြားအပ်သော **“တမလွန်ဘဝက ဆွေမျိုးများအရေး”** တရားဒေသနာတော်။

စာပေမှာ ဘဝနဲ့ပတ်သက်ပြီး နှစ်မျိုးခွဲခြားပြောလေ့ရှိတယ်။ **မျက်မှောက်ဘဝ** နဲ့ **တမလွန်ဘဝ**။ အသက်ထင်ရှား ရှိနေတဲ့ အချိန်အတွင်းကာလကို **မျက်မှောက်ဘဝ**လို့ ခေါ်တယ်။ မျက်မှောက်ဘဝကို ပါဠိစာပေမှာ **‘ဒိဋ္ဌဓမ္မ’** လို့ သုံးတယ်။

www.dhammadownload.com



လက်ရှိ ဘဝအဆုံးသတ်သွားပြီး နောက်ရလာတဲ့ဘဝကို **တမလွန်ဘဝ**လို့ခေါ်တယ်။ တမလွန်ဘဝကို ပါဠိစာပေမှာ '**သမ္ပရာယ**' လို့သုံးတယ်။ ဒါကြောင့် မျက်မှောက်ဘဝ ဆိုတာက တစ်ခု၊ နောင်ဖြစ်ရမယ့် တမလွန်ဘဝဆိုတာက တစ်ခုလို့ ဘဝနှစ်ရပ်ကို ခွဲခြားဖော်ပြလေ့ရှိတယ်။

ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့တဲ့ တရားဒေသနာမှာ မျက်မှောက်ဘဝမှာ ရနိုင်တဲ့အကျိုးကို ဖြစ်စေတတ်တဲ့တရားနဲ့ တမလွန်ဘဝမှာ ရနိုင်မယ့်အကျိုးကို ဖြစ်စေတတ်တဲ့တရားလို့ ဒီလို နှစ်မျိုးခွဲခြားပြီးဟောတယ်။ **ဒိဋ္ဌဓမ္မဟိတ**- မျက်မှောက်ဘဝမှာ အကျိုးဖြစ်ထွန်းစေတဲ့ အကြောင်းတရား၊ **သမ္ပရာယဟိတ**- တမလွန်ဘဝမှာ အကျိုးဖြစ်ထွန်းစေမည့် အကြောင်းတရားလို့ ၂-မျိုး ရှိတယ်။လောကလူတွေဟာ မျက်မှောက်ဘဝ အတွက်သာ အလုပ်

www.dhammadownload.com



လုပ်ကြရတာ မဟုတ်ဘူး၊ တမလွန် ဘဝအတွက်ပါ အလုပ်လုပ်ကြရတယ်။

အတွေးအခေါ်မရှိတဲ့ တစ်ချို့လူတွေက တမလွန်အရေးကို စဉ်းစားလေ့ မရှိကြဘူး။ 'မျက်မှောက်ဘဝမှာ ချမ်းသာရင်ပြီးရော၊ နောင်ဘဝ ကိုယ်သိတာမှ မဟုတ်ဘဲ'ဆိုပြီး တမလွန်ဘဝအရေး ကို ပစ်ပယ်ထားကြတယ်။

မြတ်စွာဘုရားက-

**ဒိဋ္ဌေ ဓမ္မေ စ ယော အတ္ထော၊**
**ယော စတ္ထော သမ္ပရာယိကော၊**
**အတ္ထာဘိသမယာ ဓီရော၊**
**ပဏ္ဍိတောတိ ပဝုစ္စတိ။**

**ဒိဋ္ဌေ ဓမ္မေ စ ယော အတ္ထော** - မျက်မှောက်ဘဝမှာ ရရှိရမယ့်အကျိုး၊ **ယော စတ္ထော သမ္ပရာယိကော** - တမလွန်ဘဝမှာ ရရှိမယ့်အကျိုး၊

www.dhammadownload.com



**အတ္ထာဘိသမယာ ဓီရော** - အဲဒီအကျိုး နှစ်မျိုးလုံးကို ရအောင်လုပ်နိုင်တဲ့ ပညာရှိကိုမှ၊ **ပဏ္ဍိတောတိ ပဝုစ္စတိ** တကယ့်ပညာရှိလို့ ခေါ်ပါတယ်။ ဒီလို ဟောတော်မူတယ်။

ဆိုလိုတာက ဒီဘဝကောင်းစားရေး၊ နောင်ဘဝကောင်းစားရေးလို့ နှစ်မျိုးခွဲခြား စဉ်းစားရမယ်။ ဒီဘဝ ကောင်းစားရေး သက်သက်ကိုသာ လုပ်ပြီး နောင်ဘဝကောင်းစားရေး မလုပ်ဘူးဆိုတဲ့ပုဂ္ဂိုလ်ဟာ ပညာရှိမဟုတ်ဘူး။ အမြော်အမြင်ရှိသူ မဟုတ်ဘူး။ ဥပမာ ဒီနေ့ စားရပြီးရော၊ မနက်ဖြန်အတွက် မစဉ်းစားဘူးဆိုတဲ့ လူမျိုးဟာ ပညာမဲ့သာဖြစ်တယ်။

ကဲ. . စဉ်းစားကြည့်ကြရအောင် ဒီကနေ့ အရေး တစ်ခုသာ စဉ်းစားမယ်၊ မနက်ဖြန်အရေး မတွေးဘူးဆိုရင် ဘာဖြစ်နိုင်သလဲ၊ ကလေးငယ်တွေ မှတ်လာက်သားလောက်အောင် သင်ခန်းစာ ပေး

www.dhammadownload.com



ထားတဲ့ ပုံပြင်ကလေး တစ်ပုဒ်ရှိတယ်။ အဲဒီမှာ **"ပုရွက် ဆိတ်နဲ့ နှံကောင် အကြောင်း"**ကြည့်။

"ပုရွက်ဆိတ်ကလေးတွေဟာ အလွန်အလုပ်လုပ်တဲ့ အကောင်လေးတွေ၊ နားနေတယ်မရှိဘူး။ သူတို့ အသိုက်အအုံထဲမှာ အစာတွေ ဖြည့်တင်းလေ့ရှိကြတယ်။ အမြဲတမ်း အစာရှာပြီး အစာကို သိုမှီး သိမ်းဆည်းကြတယ်။ နေ့ရောညရော ပုရွက်ဆိတ်ဟာ အိပ်တယ်လို့ မရှိဘူး အလုပ်လုပ်တယ်။ တစ်နေ့ရှာ တစ်နေ့စား ဒီလိုမဟုတ်ဘူး၊ အစာအာဟာရ ရိက္ခာတွေကို စုဆောင်းထားလေ့ ရှိကြတယ်။ မိုးရာသီ မိုးတွေရွာတဲ့အခါမှာ အစားအစာဒုက္ခမရောက်ရအောင် ပုရွက်ဆိတ်တွေက ကြိုတင်ပြင်ဆင်ထားကြတယ်။

အေး. . နှံကောင်ဆိုတဲ့ အကောင်ကတော့ အဲဒီလို ပြင်ဆင်ထားခြင်း မရှိဘူး။ ဒီနေ့ရ ဒီနေ့စား၊ စားစရာတွေ သူ့အဖို့ မကုန်လောက်ဘူးလို့ ဒီလိုထင်

www.dhammadownload.com



တယ်။ မိုးတွေရွာလို့ ရေတွေ လွှမ်းသွားတဲ့အခါ နွားကောင်ဟာ စားစရာ မရှိတော့ဘူး။ စားစရာမရှိတော့ အစာငတ်ပြီး သေဆုံးရတယ်။"

နွားကောင်က မနက်ဖြန်အရေး မတွေးဘူး၊ ဒီကနေ့အရေးပဲ တွေးတယ်တဲ့ . . နော်။ ပုရွက်ဆိတ်က လေးတွေက ဒီနေ့ အရေးတင်မကဘူး မနက်ဖြန် အရေးပါ တွေးတယ်။ ဒီကနေ့လည်း ဝအောင် စားမယ်၊ မနက်ဖြန်အတွက်လည်း ရှိစေရမယ်။

မြတ်စွာဘုရားက မျက်မှောက်ဘဝမှာ ရရှိတဲ့အကျိုး၊ တမလွန်ဘဝမှာ ရရှိနိုင်တဲ့အကျိုး၊ အဲဒီ အကျိုးနှစ်မျိုးလုံးကို ရအောင်ကြိုးစားရမယ်။ အဲဒီလို အကျိုးနှစ်မျိုးလုံးကို ရအောင်ကြိုးစားယူမှ တကယ့် ပညာရှိပုဂ္ဂိုလ်လို့ ဒီလို ဟောတယ်။

အဲဒီကော့ ဘုန်းကြီးတို့တတွေဟာ မျက်မှောက်ဘဝ အကျိုးအတွက်လည်း အလုပ်လုပ်ကြ

www.dhammadownload.com



ရမယ်၊ တမလွန်ဘဝ အကျိုးအတွက်လည်း ပြင်ဆင်ထားကြရမယ်။

မိသားစုထဲမှာ တမလွန်ဘဝ ရောက်သွားကြတဲ့ ဆွေတွေမျိုးတွေ မရှိဘူးလား၊ ရှိတယ်။ ဒီဘဝမှာ အတူနေရတဲ့ ဆွေတွေမျိုးတွေ ရှိသလိုပဲ ဒီဘဝကို စွန့်ခွာသွားပြီး တမလွန်ဘဝ ရောက်သွားကြတဲ့ ဆွေတွေမျိုးတွေလည်း ရှိနေကြတယ်။

ဘုန်းကြီးတို့မိသားစုမှာ ညီအစ်ကို မောင်နှမ ၁၂-ယောက် ရှိတယ်။ ၁၂-ယောက်ထဲက မျက်မှောက်ဘဝမှာ ရှိတာ ၄-ယောက်ပဲ ရှိတော့တယ်။ ကျန်တဲ့ပုဂ္ဂိုလ် ၈-ယောက်က တမလွန်ဘဝ ရောက်သွားကြပြီ။ အဲဒီတမလွန်ဘဝက ဆွေမျိုးတွေရဲ့အရေးကို ဘယ်လိုစဉ်းစားမလဲ။ မိသားစုတိုင်းဟာ တမလွန်ဘဝရောက်သွားတဲ့ ဆွေမျိုးတွေရဲ့အရေးကို စဉ်းစားကြတယ်။ စဉ်းစားပုံ စဉ်းစားနည်းကတော့

www.dhammadownload.com



မတူကြဘူး။ မိမိတို့ရဲ့ ဓလေ့ထုံးတမ်းစဉ်လာအရ စဉ်းစားကြတယ်၊ ဆောင်ရွက်လုပ်ကိုင်ကြတယ်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေကတော့ တမလွန်ဘဝ ရောက်သွားတဲ့ ဆွေတွေမျိုးတွေအတွက် ကုသိုလ်ကောင်းမှု လုပ်ပြီး အမျှအတမ်း ပေးဝေလေ့ ရှိကြတယ်၊ ဒါက အစဉ်အလာ တစ်ခုပေါ့။ မိမိတို့ ရိုးရာ အစဉ်အလာအရ တမလွန်ဘဝက ဆွေမျိုးများအရေးကို ဆောင်ရွက်ပေးကြတဲ့ အလေ့အထတွေ နိုင်ငံတိုင်း လူမျိုးတိုင်းမှာ ရှိကြတယ်။ တမလွန်ဘဝက ဆွေမျိုးတွေအရေးနဲ့ ပတ်သက်ပြီး ဆောင်ရွက်လေ့ရှိကြတယ်။

နိုင်ငံခြား တိုင်းပြည်များမှာ (ဆိုပါစို့ အနောက်တိုင်းက လူတွေ၊) ဆွေမျိုးတွေ ကွယ်လွန်သွားတဲ့ နှစ်ပတ်လည် အခါသမယမှာ သင်္ချိုင်းသွားပြီး ပန်းခြင်းလေးတွေ ချကြတယ်။ ပန်းခြင်းလေး

www.dhammadownload.com



တွေချပြီး ဆွေမျိုးတွေကို အမှတ်ရကြောင်း ပြသကြတယ်။ သို့သော် ပန်းခြင်း ကလေးချပြီး ဆွေမျိုးတွေကို အမှတ်ရကြောင်း ပြတာဟာ တမလွန်ဘဝက ဆွေမျိုးတွေအတွက် အကျိုးရှိသလား ဆိုတာ စဉ်းစားရမှာ ဖြစ်တယ်။

ဒီဘဝက ပုဂ္ဂိုလ်တွေက တမလွန်ဘဝ ဆွေမျိုးသားချင်းတွေကို အမှတ်ရလို့ ပန်းခြင်းကလေး သွားချရရင် အလွမ်းပြေမှာပေါ့။ မိဘခေါင်းချသွားတဲ့ နေရာကို သွားပြီး ပန်းခြင်းကလေးချ၊ ထုံးတမ်းစဉ် လာအရ ရှိခိုးဦးချ၊ မျက်ရည်ကလေးကျပြီး တမလွန် ဘဝက ဆွေမျိုးအရေးကို မျက်ရည်ကလေးနဲ့ စဉ်း စားတဲ့ လူမျိုးတွေလည်းရှိတာပဲ။ အဲဒီ တစ်စက်တစ် စက်ကျတဲ့ မျက်ရည်ကလေးတွေက တမလွန်ဘဝ က ဆွေမျိုးတွေအတွက် အကျိုးရှိသလား စဉ်းစားကြ ရမှာ ဖြစ်တယ်။

www.dhammadownload.com



အေး. . တချို့ပုဂ္ဂိုလ်တွေကလည်း တမလွန် ဘဝ ဆွေမျိုးသားချင်းတွေကို ရည်စူးပြီး ဆီမီးတွေ ထွန်း၊ ပန်းတွေလှူဒါန်းပြီး ဆုတောင်းကြတယ်။ "ကောင်းရာသုဂတိ ရောက်ပါစေ၊ တမလွန်ဘဝမှာ ပျော်ရွှင်ချမ်းမြေ့ပါစေ"လို့ ဆုတောင်းကြတယ်။ အဲဒီလို ဆုတောင်းတာကရော အကျိုးဖြစ်ထွန်းမှု ရှိရဲ့လား စဉ်းစားသင့်တယ်။ စဉ်းစားရမယ့်အချက် တွေကို ပြောတာနော်။

## ဂျပန်လူမျိုးတို့၏ ယုံကြည်ချက်

ဘုန်းကြီးတို့ ၁၉၉၇-ခုနှစ်က ဂျပန်နိုင်ငံ ရောက်သွားတယ်။ **အိုဆာကာ** မြို့နားမှာ **ကိုယာဆန်**ဆိုတဲ့ တောင်ပေါ်မြို့တစ်မြို့ ရှိတယ်။ အဲဒီ ကိုယာဆန်မြို့က ကိုယာဆန်ဆိုတဲ့ တောင်ပေါ် မှာ ဂျပန်ဘုန်းကြီးကျောင်းတွေ အများကြီးရှိတယ်။

www.dhammadownload.com



အဲဒီကိုယာဆန်မြို့မှာ အကျယ်ဝန်းဆုံး နေရာက သင်္ချိုင်းကြီးပဲ။ အဲဒီသင်္ချိုင်းကြီးထဲ လျှောက်ကြည့်မယ်ဆိုရင် မဆုံးနိုင်ဘူး။ တမလွန်ဘဝက ဆွေမျိုးများအရေး ဆောင်ရွက်ထားကြတာ အံ့ဩစရာပဲ၊ ပိုက်ဆံတတ်နိုင်ရင် တတ်နိုင်သလောက် လုပ်ထားပေးကြတယ်။

ဘယ်လို ရည်ရွယ်ချက်နဲ့ လုပ်တယ်ဆိုတာတော့ အကုန်မသိဘူးပေါ့။ သို့သော် တမလွန်ဘဝက ဆွေမျိုးတွေရဲ့အရေး စဉ်းစားပေးထားကြတာကတော့ အားရစရာပဲ။ တချို့က ကလေးငယ် ဆုံးသွားတာ ထင်ပါရဲ့၊ ကလေးကစားစရာ အရုပ်ကလေးတွေ ချပေးထားတယ်။ အေး. . တချို့ကျတော့ သင်္ချိုင်းဂူအနီးမှာ လိပ်ရုပ်ကလေးတွေ၊ မျောက်ရုပ်ကလေးတွေ ထားပေးတယ်၊ ပျင်းနေမှာစိုးလို့ ထင်ပါရဲ့။ တချို့ကျတော့ ခွေးရုပ် ကလေးတွေ ချပေးထားတာ

www.dhammadownload.com



လည်း ရှိတယ်။ အဲဒီလို မိမိစိတ်ကူးတည့်ရာ လုပ်ထားကြတာကိုတွေ့ရတယ်။

'Anniversary' လို့ခေါ်တဲ့ ကွယ်လွန်အနိစ္စရောက်တဲ့ နှစ်ပတ်လည်နေ့ ရောက်တိုင်း ဂျပန်ဘုန်းကြီးတွေကို ပင့်တယ်။ ဂျပန်ဘုန်းကြီးတွေက သင်္ချိုင်းသွားပြီး ဗုံတောင်လေးခေါက်ကာ ရွတ်ဖတ်ပေးကြတယ်။ အဲဒီ ကိုယာဆန်မှာ ဘုန်းကြီးတို့ (၃)ရက်လောက် သီတဂူဆရာတော်ဘုရားကြီးနဲ့ အတူတူနေခဲ့တယ်။

တစ်နေ့တော့ အဲဒီရွတ်ဖတ်ပေးတဲ့ ဂျပန်ဘုန်းကြီးနဲ့ စကားစပ်မိတယ်၊ ဘုန်းကြီးက "နေပါဦး တမလွန်ဘဝပြောင်းသွားတဲ့ ပုဂ္ဂိုလ်အတွက် အခုလို ရွတ်ဖတ်ပေးတာ ဘာအတွက်လဲ၊ ဘယ်လိုအဓိပ္ပာယ်နဲ့ ရွတ်ဖတ်ပေးတာလဲ" မေးတယ်။ ဂျပန်ဘုန်းကြီးက ပြောတယ်၊ "သေသွားတဲ့ပုဂ္ဂိုလ်ရဲ့ ဝိညာဉ်ဟာ

www.dhammadownload.com



နောင်ဘဝ ကူးဖို့ရာအတွက် လမ်းရှာနေတာ။ ကောင်းတဲ့လမ်း တွေ့အောင်လို့ ဆုတောင်းပတ္တနာ ပြုပေးတာ”တဲ့။ နို့မို့ဆို ဝိညာဉ်လေးဟာ လမ်းပျောက် နေတာ။ လမ်းပျောက်နေ သူကောင်းရာမွန်ရာ မရောက် နိုင်ဘူးပေါ့။ မျက်စိလည်နေရင် ဒီနားတင် သူတဝဲ လည်လည် ဖြစ်နေမှာပေါ့။ အဲဒီလို လမ်း ကြောင်း တွေ့သွားအောင် ကောင်းတဲ့ဘဝရောက် သွားအောင် ရွတ်ဖတ်ပေးတာပါတဲ့။

“ဩြော်. . အဲဒီလိုလား။ ဒီလိုဆိုလို့ရှိရင် ရွတ်ဖတ်ပေးလိုက်လို့ ဝိညာဉ်လေးတွေ ကောင်းရာ သုဂတိ ရောက်သွားတယ်ဆိုတဲ့ မှတ်တမ်းများ ရှိသလား” “ဟာ. . အဲဒီလိုတော့ မသိပါဘူးတဲ့။ အဲဒီလိုတော့ မသိဘူး၊ ထုံးစံမို့ပဲ ရွတ်ပေးတာပါ။”

အဲဒီလို ဂျပန်ဘုန်းကြီး ဖြေတာကို ကြားနာ မှတ်သားခဲ့ရတယ်။ အဲဒါဆို အကျိုးရှိလို့ရှိပြား

www.dhammadownload.com



လုပ်တာ။ အကျိုး ရှိမရှိ ဘယ်သူမှ မပြောနိုင်ဘူး။ တမလွန်ဘဝ ရောက်သွားတဲ့ ပုဂ္ဂိုလ်ကလည်း ဘယ်နေမှန်းလည်း မသိဘူး။ သို့သော် အကျိုးရှိလို ရှိငြား တမလွန်ဘဝက ဆွေမျိုးများအရေးကို စဉ်းစားပေးပုံ တစ်မျိုးပေါ့။

## ဒတ်ချ်လူမျိုးတို့၏ ယုံကြည်မှု

နယ်သာလန်နိုင်ငံ နာဒန်မြို့မှာ တောအုပ်ကြီးတစ်ခုကို ဖြတ်လိုက်တာနဲ့တပြိုင်နက် သုသာန်ကြီး တွေ့ရတယ်။ သုသာန်ဆိုပေမဲ့ သန့်သန့်ပြန့်ပြန့် ပန်းဥယျာဉ်ကြီးလို လုပ်ထားတာ။ ထူးထူးခြားခြား သုသာန်အဝင်နားမှာ သစ်ပင်ကြီးတွေက ဆံပင်ဖားလျား ချရပ်နေတာနဲ့တူတယ်။ သစ်ကိုင်းကြီးတွေက အပေါ်ထောင်မနေဘဲနဲ့ အောက်ကို ပြားကျပြီး ကားထွက်နေကြတယ်။ ဆံပင် ဖားလျားချထားတဲ့

www.dhammadownload.com



ပုံစံဘဲ။ အဲဒီ သစ်ပင်ကြီးတွေကို weeping tree “ငိုနေသောသစ်ပင်ကြီး”များလို့ ခေါ်တယ်။

အဲဒီ ငိုနေသောသစ်ပင်ကြီးများရဲ့ အောက်မှာ တောယုန်လေးတွေ ခိုအောင်းပြီးနေကြတယ်။ သုသာန်ထဲ လှည့်လည်ကြည့်တဲ့အခါမှာ ပန်းခြင်းလေးတွေ ချထားတာရှိတယ်။ အရုပ်ကလေးတွေ ချထားတာရှိတယ်။ နာမည်လေးတွေ ရေးထားတာရှိတယ်၊ ဘယ်နေ့ဘယ်ရက်က ဘယ်သူ ကွယ်လွန်အနိစ္စ ရောက်သည်ဆိုတာ မှတ်တမ်းလေးတွေ ရေးထားတယ်။ ကျောက်ပြားလေးတွေ ကပ်ထားတယ်။ တမလွန်ဘဝက ဆွေမျိုးများ အရေးကို ဒီလိုဆောင်ရွက်ထားကြတယ်။

အဲဒီ ဆောင်ရွက်မှုတွေဟာ ဒီဘဝကပုဂ္ဂိုလ်အတွက်တော့ အလွမ်းဖြေစရာ ဖြစ်ကောင်းဖြစ်မယ်။ တမလွန်ဘဝက ပုဂ္ဂိုလ်အတွက် အကျိုးရှိလား၊ မရှိဘူးလားဆိုတာကို ဘယ်သူမှ မပြောနိုင်ဘူး။

www.dhammadownload.com



## တရုတ်လူမျိုးတို့၏ ယုံကြည်မှု

တရုတ်လူမျိုး ကွယ်လွန်အနိစ္စ ရောက်သွားတဲ့အခါ တမလွန်ဘဝမှာ အသုံးပြုဖို့ ငွေစက္ကူ အတုတွေ မီးရှို့ပြီးပေးလိုက်တယ်။ သို့သော် တမလွန်ဘဝ ပါသွားတာကတော့ ဘာမှမမြင်ဘူး။ ရှို့လိုက်တာနဲ့ ပြာဖြစ်သွားတာကိုပဲ တွေ့လိုက်ရတယ်။ လမ်းတစ်လျှောက်မှာလည်း စာရွက်တွေ ခင်းသွားတယ်၊ ဘာတွေ ရေးထားသလဲတော့ မသိဘူးပေါ့။ အဝတ်တွေ အစားတွေလည်း ပြည့်စုံအောင် မြေထဲမြှုပ်ပြီး ထည့်ပေးလိုက်ကြတယ်။ သို့သော် ညကျတော့ သုသာန်စောင့်တွေ၊ သူဘရာဇာတွေက ဖော်ပြီး ကောင်းတာတွေ ယူလိုက်ကြတယ်။ တုံးလုံးပဲ ကျန်ရစ်တယ်။ နောင်ဘဝမှာ နေဖို့ထိုင်ဖို့ အိမ်၊ စီးဖို့ ယာဉ်တွေရောထည့်ပေးလိုက်ကြတယ်၊ အမျိုးစုံပဲ။

www.dhammadownload.com



သင်္ချိုင်းတစ်ခုကို လေ့လာကြည့်မယ် ဆို လူသားမျိုးနွယ်တွေဟာ အမျိုးမျိုး စိတ်ကူးကြံဆပြီး တမလွန်ဘဝက ဆွေမျိုးများအရေးကို ဒီကနေ့အထိ ဆောင်ရွက်နေကြတုန်းပဲ။ အဲဒီ ဆောင်ရွက်သမျှတွေ ဟာ တကယ်ရော အကျိုး ရှိပါ့မလားလို့ စဉ်းစားသင့် တယ်။ သို့သော် မစဉ်းစားဘဲနဲ့ တကယ် အကျိုးရှိ မရှိ မသိဘဲနဲ့ လုပ်နေကြတယ်။ ဒီလိုလုပ်တာ ဘာ အကျိုးရှိတုန်းဆိုတာ စဉ်းစားသင့်တာပေါ့။

အခု မြန်မာပြည်မှာ လုပ်နေတာလေးတွေ ရှိသေးတယ်။ သေတဲ့လူက သေသွားပြီ၊ မွေးနေ့တွေ လုပ်နေကြတယ်။ သေသွားတဲ့ပုဂ္ဂိုလ်ကို အသက် ၁၀၀-ပြည့် မွေးနေ့တဲ့၊ သေသွားတဲ့ပုဂ္ဂိုလ်က အသက် ရှိပါ့ဦးမလား။ လူတစ်ယောက်ဟာ သေသွားပြီ၊ ဆိုပါစို့ ၇၀-၈၀ လောက်က သေသွားပြီ။ သူ့ရဲ့မွေးနေ့ အနှစ် ၁၀၀-ပြည့်ဆိုပြီးတော့ နောက်အနှစ် ၂၀-

www.dhammadownload.com



ကြာတော့လုပ်တယ်။ လူက ရှိသေးလို့လား၊ တကယ် အသက်ရှင်နေတာလားလို့ ယုံမှားစရာ ဖြစ်တယ်။ သေတာဖြင့် ကြာပြီ၊ အရိုးတောင် ဆွေးသွားပြီ၊ သို့သော် မွေးနေ့ပွဲဆိုပြီး လုပ်ကြတယ်။ မွေးနေ့လုပ်ပြီး ကုသိုလ်ကောင်းမှု လုပ်ရင် ကုသိုလ်ရတာပေါ့၊ အမှတ်တရလည်း ဖြစ်တာပေါ့။ သို့သော် အဲဒီလူက အသက်- ၁၀၀ ဟုတ်ပါ့မလား။ သူသေတာ ၈၀-လောက်က သေသွားတာဆိုတော့ သူဘယ်လိုလုပ်ပြီး အသက် ၁၀၀-ပြည့်မလဲ၊ မပြည့်ဘူးပေါ့။

နိုင်ငံရပ်ခြားမှာ ဆိုပါစို့ စင်ကာပူတို့ မလေးရှားတို့ ရောက်တဲ့အခါ ဓာတ်ပုံကြီးတွေနဲ့ လွမ်းပြထားတဲ့သတင်းတွေ သတင်းစာထဲမှာ အများကြီး တွေ့ရတယ်။ ဗမာပြည်မှာတော့ တစ်ခါတခါတော့ တွေ့ပါတယ်။ “ဘယ်နှစ်နှစ် ပြည့်သွားပြီ၊ မေ့လို့မရသေးဘူး” ဆိုတဲ့ အလွမ်းစာတွေ၊ အလွမ်းကဗျာတွေကို ဓာတ်ပုံ

www.dhammadownload.com



ကြီးတွေနဲ့ ဖော်ပြကြတယ်။ မလွှမ်းသင့်ဘူးလား ဆိုတော့ လွှမ်းသင့်တာပေါ့။ ဒါပေမဲ့ လွှမ်းပြလိုက်လို့ ရတဲ့အကျိုးက ကိုယ့်အတွက် ဖြေသိမ့်စရာလေး တစ်ခုတော့ ဖြစ်ကောင်းဖြစ်မယ်။ တမလွန်ဘဝက ဆွေမျိုးတွေအတွက် ဘာအကျိုးရမလဲ၊ ဘာအကျိုးမှ မရဘူး။ ပြီးတော့ ကိုယ်ကသာ လွှမ်းတာ၊ သူက လွှမ်းချင်မှ လွှမ်းမှာ။

## ဖြစ်ရာဘဝမှာ ပျော်တယ်

ကိုယ်ကသာလွှမ်းပြီး သူက လွှမ်းချင်မှ လွှမ်းမယ်ဆိုတာ တကယ်ပဲ။ ကြားဖူးကြပါလိမ့်မယ်။ "ဘုရင်ကြီးတစ်ပါးဟာ သူ့ရဲ့ အင်မတန် ချောမော လှပတဲ့ မိဖုရားငယ်ငယ်ရွယ်ရွယ် သေဆုံးသွားတဲ့ အခါ အဲဒီ ရုပ်အလောင်းကို မစွန့်ပစ်ရက်ဘူး။ မပုပ်မသိုးအောင် စီမံ မှန်ခေါင်းထဲထည့်ပြီး မစား

www.dhammadownload.com



မသောက်နိုင် မအိပ်နိုင် အဲဒီ အလောင်းနားမှာပဲ ထိုင်ပြီး တငိုငို တယိုယို လုပ်နေတယ်။ ဘယ်သူကမှ နားချလို့ မရဘူး။ သေသွားတဲ့ ပုဂ္ဂိုလ်ဆိုတာ ပြန်ခေါ် လို့လည်း ရတာမဟုတ်ဘူး။ နောက်ဆုံးတော့ ပညာရှိ အမတ်တွေက ဉယျာဉ်ထဲမှာ ရောက်နေတဲ့ ပညာရှိ ရသေ့ကြီးကို ပင့်ပြီးတော့ နားချခိုင်းရတယ်။

ရသေ့ကြီးက ပြောတယ်တဲ့ "အရှင်မင်းကြီး၊ ဘယ်သူ့ကို လွမ်းနေတာတုန်း"၊ "မိဖုရားလေးကို လွမ်းနေတယ်"။ "အဲဒီ မိဖုရားလေး ဘယ်ရောက်နေ တယ်ဆိုတာ သိလား"။ "မသိဘူး၊ အရှင်ဘုရားသိရင် ပြောစမ်းပါ"။ "မင်းကြီးရဲ့ မိဖုရားလေး ဉယျာဉ်ထဲ ရောက်နေတယ်၊ လူတော့မဟုတ်ဘူး။ နောက်ချေး ပိုးထိုး ဖြစ်နေတယ်"။

လူ့ဘဝတုန်းကလည်း အလှပြင်နေတာနဲ့ အချိန်ကုန်တယ်။ သေတော့ နောက်ချေးပိုးထိုး

www.dhammadownload.com



ဖြစ်တယ်။ ဘုရင်ကြီးကသာ လွှမ်းနေတယ်။ ဟိုက နောက်ချေးပိုးထိုးဘဝမှာ နောက်ချေးပိုးထိုးဖိုကြီးနဲ့ ပျော်လို့။ နောက်ချေးပိုးထိုး အဖိုက ရှေ့ကသွားတယ်၊ သူက နောက်က လိုက်နေတယ်။ နောက်ဘဝမှာ သူ့အတွဲနဲ့ သူ ဖြစ်နေတယ်။ ဒီက သူ့အလောင်းကို မစွန့်နိုင်ဘူး၊ တငိုငိုတယိုယို လုပ်နေတယ်။

ဘုရင်ကြီးက ရသေ့ကြီး ပြောစကားကို မယုံဘူး။ "အေး. . မယုံလို့ရှိ သူကိုယ်တိုင်ပြောရင်ကော ယုံမလား"၊ "ယုံမယ်"။ ဒါဖြင့် ဥယျာဉ်ကို သွားကြမယ်။ ဥယျာဉ်မှာ နောက်ချီးပိုးထိုးကောင်တွေ့တယ်။ "နင် ဘယ်သူတုန်း" လို့ မေးတော့၊ နောက်ချီးပိုးထိုးက သူဟာ "ဥပရိဒေဝီ မိဖုရားပါ"တဲ့။

"ဒီဘုရင်ကြီးကို ချစ်သလား"လို့ မေးတဲ့အခါ "ဟိုတုန်းကတော့ ချစ်တာပေါ့။ ခုတော့ သူ့ကို သတိမရပါဘူး"လို့ ပြောတယ်။ သူက သတိမရပါဘူးလို့

www.dhammadownload.com



ပြောတာက တော်သေးတယ်၊ ဘာပြောတုန်းဆို "ဘုရင်ကြီးရဲ့ လည်ချောင်းသွေးနဲ့ နောက်ချီးပိုးထိုး အဖိုရဲ့ ခြေထောက်ကို ဆေးပေးချင်တယ်"တဲ့။

အဲဒီအသံကြားရတော့ ဘုရင်ကြီး စိတ်နာသွားတယ်။ ချက်ချင်းပဲ မှန်ခေါင်းထဲက အလောင်းကို မီးသဂြိုဟ်ခိုင်းလိုက်တယ်။ ရေမိုးချိုး ပျော်ပျော်ပါးပါး နေနိုင်တဲ့ဘဝ ရောက်သွားတယ်။ ဒါတကယ့်ဖြစ်ပျက်ခဲ့တဲ့ ဇာတ်လမ်းတစ်ခုအနေနဲ့ ဟောပြထားတာ ဖြစ်တယ်။

အေး. . လောကကြီးမှာ လူတွေက ဘယ်လိုလွမ်းနေနေ တမလွန်ဘဝက ဆွေမျိုးက ကိုယ့်ကိုလွမ်းချင်မှ လွမ်းမှာ၊ ဒါကတော့ သေချာတယ်။ သို့သော် လွမ်းသည်ဖြစ်စေ မလွမ်းသည်ဖြစ်စေ တမလွန်ဘဝက ဆွေမျိုးများအရေးကိုတော့ အလေး

www.dhammadownload.com



ထားစဉ်းစားသင့်တယ်။ အကျိုးရှိတဲ့ အလုပ်တစ်ခုကို လုပ်ပေးသင့်တယ်။

## တိရောကုဍ္ဍသုတ်

အကျိုးရှိတဲ့အလုပ် လုပ်နိုင်ဖို့ မြတ်စွာဘုရားက **တိရောကုဍ္ဍသုတ်** ကို ဟောထားတယ်။ "တိရောကုဍ္ဍ" ဆိုတာ "နံရံရဲ့ ဟိုဘက်မှာ"လို့ အဓိပ္ပာယ်ရတယ်။ လူတွေက အိမ်နံရံရဲ့ အတွင်းမှာ နေကြတာ။ တမလွန်ဘဝက ဆွေမျိုးများကတော့ ဟိုဘက်ရောက်သွားပြီ။ နံရံဟိုဘက်ကလူဖြစ်သွားပြီ။ မြတ်စွာဘုရားက "**ဆွေမျိုးသားချင်းတွေနဲ့ ပတ်သက်ပြီး ငိုယိုပြီး မျက်ရည်ကျလွမ်းပြနေလို့ သူတို့အတွက် ဘာမှ အကျိုးမရှိဘူး**"တဲ့။

ဆိုပါစို့၊ ဆွေမျိုးသားချင်းတစ်ယောက်ဟာ ပြိတ္တာဖြစ်သွားတယ်။ အဲဒီပြိတ္တာဘဝမှာ စီးပွားရေး

www.dhammadownload.com



လုပ်ငန်းဆိုတာ ဘာမှမရှိဘူး။ ဆိုင်ဖွင့်ပြီး ဈေးရောင်းလို့လည်းမရဘူး။ ကျွဲနွားမွေးပြီး စီးပွားလုပ်လို့လည်းမရဘူး။ မြေကွက်တွေရှာပြီး လယ်ယာလုပ်ငန်းလုပ်လို့လည်း မရဘူး။ သူတို့ဘဝမှာ ကံပေးသမျှနဲ့ အသက်ရှင်နေကြရတယ်တဲ့။

အဲဒီတော့လုပ်သင့်လုပ်ထိုက်တာက ဘာလဲဆိုတော့ ကုသိုလ်ကောင်းမှုလုပ်ပြီး အမျှဝေရမယ်။ ကုသိုလ်ပြု အမျှဝေခြင်းဟာ **တမလွန်ဘဝက ဆွေမျိုးများအရေး** ကို မှန်ကန်သော နည်းဖြင့် ဆောင်ရွက်ခြင်းပဲ။

## ဇာဏုသောဏိသုတ်

"မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတဲ့အချိန် သာဝတ္ထိပြည်မှာ 'ဇာဏုသောဏိ' ဆိုတဲ့ ပုဏ္ဏားကြီးတစ်ယောက်

www.dhammadownload.com



ရှိတယ်။ **ဇာဏူသောဏိ** ဆိုတာ ရာထူးရဲ့ နာမည်လို့ ပြောတယ်။ မင်းဆရာ ပုရောဟိတ်ရာထူးပဲ သူက မြတ်စွာဘုရားကို မေးတယ်။ သူတို့အစဉ်အလာ ယုံကြည်ချက်အရ တမလွန်ဘဝက ဆွေမျိုးများ အတွက် ကုသိုလ်ကောင်းမှုတွေ ဒါနကောင်းမှုတွေ ပြုပေးကြတယ်၊ အလှူအတန်း လုပ်ပေးကြတယ်။

တမလွန်ဘဝ ပြောင်းသွားတဲ့ ပုဂ္ဂိုလ်တွေကို ရည်စူးပြီး ထမင်းဟင်းတွေ ကျွေးမွေးကြတယ်။ ဒါကို ပါဠိလို "သဒ္ဓ"လို့ ခေါ်တယ်။ "အဲဒီလို လုပ်တာဟာ တမလွန်ဘဝ ရောက်သွားတဲ့ ပုဂ္ဂိုလ်တွေအတွက် တကယ်ပဲ အကျိုးရှိနိုင်သလား၊ ဒီ ဒါနကောင်းမှု တွေကို သူတို့တကယ်ပဲ ခံစားရသလား" ဒီမေးခွန်း မေးတာ။

ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာ အစဉ်အလာအရ လူတွေဟာ တမလွန်ဘဝက

www.dhammadownload.com



ဆွေတွေမျိုးတွေကို ရည်စူးပြီး ကုသိုလ်ကောင်းမှုတွေကို လုပ်ကြတယ်။ "အဲဒီလို လုပ်တာဟာ တမလွန်ဘဝရောက်သွားတဲ့ ပုဂ္ဂိုလ်တွေအတွက် အကျိုးရှိသလား" လို့ဆိုတာ စဉ်းစားဖို့ လိုအပ်တယ်ပေါ့။

တမလွန်ဘဝက ပုဂ္ဂိုလ်ဆိုတာ ဘယ်နေမှန်းမသိဘူး။ လိပ်စာလည်း မရှိဘူး။ တယ်လီဖုန်းနံပါတ်လည်း မရှိဘူး။ တယ်လီဖုန်းနံပါတ်ရှိရင် လှမ်းခေါ်ရသေးရဲ့။ လိပ်စာရှိရင်လည်း စာနဲ့ဆက်သွယ်လို့ရသေးတယ်။ အခုတော့ တယ်လီဖုန်းနံပါတ်လည်း မရှိဘူး။ လိပ်စာလည်း မရှိဘူး။ ဘယ်မြို့ဘယ်ရွာဆိုတာ မသိဘူး။ အဲဒီလို မသိဘဲ မှန်းရမ်းပြီး လုပ်နေကြခြင်းဟာ သူတို့အတွက် အကျိုးရနိုင်ပါ့မလားလို့ မစဉ်းစားသင့်ဘူးလား။ စဉ်းစားသင့်တယ်။

သို့သော် မစဉ်းစားကြဘူး။ အစဉ်အလာအရပဲ လုပ်ကြတယ်။ ခုနက ဂျပန်ဘုန်းကြီး ပြောသ

www.dhammadownload.com



လို ထုံးစံအရသာ လုပ်လိုက်တာ။ ဝိညာဉ်တွေ ဘယ်နှစ်ဦး လွတ်သွားတယ် ဆိုတာ သူတို့မသိဘူး။ အေး. . တို့တတွေလည်း ကုသိုလ်ကောင်းမှုတွေ လုပ်ပြီး အမျှအတမ်းတော့ ပေးဝေနေကြတာပဲ။ ကိုယ်ပေးဝေနေတဲ့ ကုသိုလ်ကောင်းမှု အမျှအတမ်း ကို သူတို့ရလား မရဘူးလားဆိုတာ မစဉ်းစားဘူး ဆိုရင် မတော်ဘူး။ ဒါကြောင့်မို့ စဉ်းစားတတ်တဲ့ ဇာဏုသောဏိ ပုဏ္ဏားကြီးက မြတ်စွာဘုရားကို မေးတယ်။ “ဒီလို ရည်စူးပြီးလုပ်တဲ့ ဒါနကောင်းမှုရဲ့ အကျိုးကို သူတို့ခံစားရသလား”တဲ့။

မြတ်စွာဘုရားက တိုတို ဖြေလိုက်တယ်။ “**ဌာနေ ကပ္ပတိ၊ အဋ္ဌာနေ န ကပ္ပတိ**”တဲ့၊ “ရနိုင်တဲ့ နေရာဆိုရင် ရတယ်။ မရနိုင်တဲ့ နေရာဆိုရင် မရနိုင် ဘူး” တဲ့။ “အရှင်ဘုရား တပည့်တော် နားမလည်ဘူး၊ ရနိုင်တဲ့နေရာ၊ မရနိုင်တဲ့နေရာကို ခွဲပြောပေးပါဦး”။

www.dhammadownload.com



မြတ်စွာဘုရားက ရှင်းပြတယ်။ ဘယ်သူပဲဖြစ်ဖြစ်၊ သတ္တဝါဆိုတာ ကံစီမံရာဘဝ ရောက်ကြရတယ်။ ကိုယ်လုပ်ခဲ့တဲ့ ကံအားလျော်စွာ တမလွန်ဘဝ ရောက်ရှိသွားတယ်။ သေသွားပြီးတဲ့နောက်မှာ ဝိညာဉ်အနေနဲ့ စောင့်ဆိုင်းနေရတာမျိုး မရှိဘူး။ အခုသေ အခုနောက်ဘဝမှာ မွေးမယ်။ **အနန္တရပစ္စယော**အရ သေသည်၏ အခြားမဲ့မှာ ချက်ခြင်းဖြစ်တယ်။ ကြားထဲမှာ ဘာမှမခြားဘူး။ တမလွန်ဘဝဆိုတာ သေသည်၏ အခြားမဲ့ပဲ။ အခု စုတိစိတ်ကျလိုက်တာနဲ့တပြိုင်နက် ပဋိသန္ဓေစိတ် နောက်ကလိုက်လာတာပဲ။

သို့သော် လူတွေက မျက်မှောက်ဘဝနဲ့ တမလွန်ဘဝ ဒီဘဝနှစ်ခု စပ်ကြားမှာ "အန္တရာဘဝ" ကြားကာလ ဘဝလေးတစ်ခု ရှိသေးတယ်လို့

www.dhammadownload.com



ယုံကြည်ကြတယ်။ ဒါ ဗုဒ္ဓဘာသာ အသိုင်းအဝိုင်းမှာ ကိုပဲ အဲဒီလို ယုံကြည်တယ်ဆိုတာ ရှိတယ်။

တိဗက်နိုင်ငံ တိဗက်ဗုဒ္ဓဘာသာဝင်တွေက လူတစ်ယောက် သေသွားလို့ရှိရင် ကြားကာလ ဘဝမှာ ၄၉-ရက် နေတယ်။ ၄၉-ရက် အတွင်း ဆုတောင်းပေးမယ်၊ မေတ္တာပို့ပေးမယ်၊ ကုသိုလ်တွေ လုပ်ပေးမယ်ဆိုရင် ကောင်းရာမွန်ရာ ရောက်တယ်လို့ ယုံကြတယ်။ မြန်မာလူမျိုးတွေမှာလည်း ဒီလို ယုံကြည်ချက်သဘောလေး ရှိတာပဲ။ '၇-ရက် မစေ့မချင်း သေသွားတဲ့လူက အိမ်ပေါ်ကမဆင်းဘူး' တဲ့။

ကြားကာလ ဘဝတစ်ခု ရှိတယ်လို့ယူတဲ့ **"အန္တရာဘဝဝါဒီ"** ဆိုတာ ရှိတယ်။ ဒါကြောင့်မို့ အဘိဓမ္မတ္ထသင်္ဂဟကျမ်း ဝီထိမုတ်ပိုင်းမှာ **'ဘဝန္တရ ပဋိသန္ဓာရဝသေန ပဋိသန္ဓိသင်္ခါတံ မာနသံ ဥပ္ပဇ္ဇ**

www.dhammadownload.com



**မာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ'** တဲ့၊ ပဋိသန္ဓေစိတ်လေး ပေါ်လိုက်ကတည်းက တမလွန်ဘဝ ရောက်သွားပြီတဲ့။ ဘုန်းကြီးတို့တတွေလည်း ဟိုဘဝက သေလာတာ ဒီဘဝ အသက် ၅၀-ရှိရင် သေလာတာ အနှစ် ၅၀-ရှိပြီ။ ဒီဘဝ အသက် ၆၀ ရှိတဲ့လူက သေလာတာ အနှစ် ၆၀ ရှိလာပြီ။ သေပြီးတာနဲ့ တစ်ပြိုင်နက် ချက်ချင်းဖြစ်ကြတယ်။

ဘဝကူးတဲ့နေရာမှာ အဓိက အဆုံးအဖြတ်ပေးနေတာတွေက ဘယ်အရာလဲဆိုရင် သုစရိုက်နဲ့ ဒုစရိုက်ပဲ။ သုစရိုက်လုပ်သူတွေက လူ့ဘဝ၊ နတ်ဘဝ ရောက်ကြတယ်။ ဒုစရိုက် လုပ်သူတွေက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘဝ ရောက်ကြတယ်။

ဒုစရိုက် ၁၀-ပါးထဲမှာ မနောဒုစရိုက်ကို သိပ်ပြီးလူတွေက အသိအမှတ် မထားကြဘူး။ ကျန်တာတွေကိုသာ ဒုစရိုက်လို့ထင်တာ၊ စိတ်မှာဖြစ်တဲ့

www.dhammadownload.com



မနောဒုစရိုက်က ဘာတွေလဲ - **အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ**။ အဘိဇ္ဈာ ဆိုတာ သူများပိုင်တဲ့ပစ္စည်းကို ကိုယ်ပိုင်ဖြစ်ချင်တဲ့အတွေး၊ လောဘနဲ့တွေးတာ၊ သူ့ပစ္စည်း ကိုယ့်ပစ္စည်း လုပ်ချင်တဲ့အတွေး၊ အဲဒီ တွေးရုံနဲ့တင် ဒုစရိုက်ဖြစ်သွားပြီ။ ကမ္မပထ မြောက် သွားပြီ။ အဲဒီ **အဘိဇ္ဈာ**ဆိုတဲ့ လောဘကိုယ်တိုင် ကိုယ်က ကံဖြစ်သွားပြီ။ ကံဖြစ်သွားတယ်ဆိုတော့ အကျိုးပေးမှာပေ့ါ၊ ဟုတ်လား။

ထို့အတူပဲ **ဗျာပါဒ**၊ ရိုးရိုးစိတ်ဆိုးတာ မဟုတ် ဘူး။ "ဒီလူ ဒုက္ခရောက်သွားပါစေ၊ သေသွားရင် ကောင်းမှာပဲ၊ ပျက်စီးသွားရင် ကောင်းမှာပဲ"။ ဒီ အတွေးလေး တွေးလိုက်ရင် **ဗျာပါဒ** ဖြစ်သွားပြီ။ အဲဒီ **ဗျာပါဒ**အတွေးလေးဟာ ကံအရာ မြောက်သွား လို့ အကျိုးပေးဖို့ အခြေအနေ ဖြစ်သွားပြီ။

www.dhammadownload.com



နောက်တစ်ခုက **မိစ္ဆာဒိဋ္ဌိ** မမှန်မကန် တွေးလိုက်တယ်၊ ကံတရားတွေရဲ့ အကျိုးဆိုတာ မရှိဘူး၊ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ရဲ့အကျိုးကို ငြင်းပယ်တယ်။ ဒီဘဝ၊ ဟိုဘဝကို ငြင်းပယ်တယ်။ အမေအဖေကို ငြင်းပယ်တယ်။ အမေအဖေပေါ်မှာ ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှု ကျေးဇူးပြုမှု၊ စော်ကားမှုတွေကို ငြင်းပယ်တယ်။ သေပြီး ပြန်ဖြစ်တယ်ဆိုတာကို ငြင်းပယ်တယ်။ လောကကြီးကို ထူးထူးခြားခြား သိမြင်ပြီးတော့ အကျင့်မှန်နဲ့ လောကကြီးအကြောင်းကို ပြောပြနိုင်တဲ့ဘုရား ရှိတယ်ဆိုတာကို ငြင်းပယ်တယ်။ အဲဒီ ငြင်းပယ်တဲ့ အတွေးအမြင်ကို မိစ္ဆာဒိဋ္ဌိလို့ခေါ်တယ်။ **သက္ကာယဒိဋ္ဌိ** တို့ ဘာတို့နဲ့ မဆိုင်ဘူး။ မနောဒုစရိုက်ထဲမှာပါတဲ့ **မိစ္ဆာဒိဋ္ဌိ**၊ အဲဒီ မိစ္ဆာဒိဋ္ဌိသည် ဖြစ်လိုက်တာနဲ့ ကံအရာမြောက်သွားပြီလို့ ဆိုတယ်။ အပါယ်ကို ကျစေနိုင်တယ်၊ ငရဲမှာ

www.dhammadownload.com



ဖြစ်စေနိုင်တယ်၊ တိရစ္ဆာန်ဘဝ ရောက်စေနိုင်တယ်၊ ပြိတ္တာဘဝ ရောက်စေနိုင်တယ်။

နှုတ်ကပြောတဲ့ ဝစီဒုစရိုက်ကို လူအများ သိကြတယ်။ **မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ၊** တဖန် ကိုယ်ထိလက်ရောက် လုပ်တဲ့ ကာယဒုစရိုက်က **ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ။** ပေါင်းလိုက်တော့ ဒုစရိုက် ၁၀-မျိုး၊ အဲဒီ ဒုစရိုက် ၁၀-မျိုးကို ပြုလုပ်တဲ့ ပုဂ္ဂိုလ်ဟာ သေသည်၏အခြားမဲ့မှာ အပါယ် ၄-ဘုံ ရောက်တယ်တဲ့။

## ငရဲဘုံမှာ ရှိနေသမျှ ကုသိုလ်အမျှ မရ

ငရဲဘုံရောက်သွားတဲ့ ပုဂ္ဂိုလ်ဟာ ငရဲဘုံမှာ ရရှိထားတဲ့ အနေအထားအတိုင်းပဲ ဆင်းရဲဒုက္ခ ခံစားပြီး နေကြရတယ်။ ငရဲရောက်နေတဲ့ပုဂ္ဂိုလ်က

www.dhammadownload.com



သူ့ကံနဲ့သူ။ ငရဲမှာ ဆက်ပြီးရှင်သန်နေမှာပဲ။ ငရဲဘုံမှာ သတ်လို့သေတာ မဟုတ်ဘူး။ ကံမကုန်မချင်း မသေဘူးတဲ့။ လက်ဖြတ်ခြေဖြတ် ဘယ်လောက်သတ်သတ် မသေဘူး။ ကံကုန်မှ သေတာ။ ကံမကုန်မချင်း လွတ်လမ်းမရှိဘူး။ ဆင်းရဲတာတော့ အလွန့်အလွန်ပဲ။ မီးတွေ ဘယ်လောက် လောင်လောင်၊ ငရဲဘုံရောက်တဲ့လူက ပြာဖြစ်မသွားဘူး၊ လက်တွေခြေတွေဖြတ်လို့ သွေးလွန်သွားတယ် ဆိုတာမရှိဘူး။ အသက်ကတော့ ရှင်နေတုန်းပဲ။ ကိုသက်ပြင်းတို့ မသက်ပြင်းတို့ဟာ ငရဲပြည်မှာမှ ရှိကြတာ။ ဘယ်လို ဒုက္ခရောက်လို့မှ မသေဘူး။ ကံကုန်မှ သေတယ်။ သတ်လို့ သေမယ်ဆိုရင် ငရဲက တခဏနဲ့ ကျွတ်သွားမှာပေါ့။ အဲဒီလို မသေဘူး။

ငရဲရောက်သွားတဲ့ ပုဂ္ဂိုလ်ဟာ သူ့ကံနဲ့သူ ရပ်တည်နေမှာပဲတဲ့။ ဒီကနေ ကုသိုလ်ကောင်းမှု

www.dhammadownload.com



လုပ်ပေးပေမယ်လို့ ကုသိုလ်ကောင်းမှု အကျိုးကို သူမခံစားရဘူးတဲ့။ ဘာဖြစ်လို့ မခံစားရတာတုန်းလို့ မေးလို့ရှိရင် သူနဲ့အဆက်အသွယ် ပြတ်သွားပြီ။ ဒီက ကုသိုလ်ကောင်းမှု လုပ်တာကို သူမသိဘူး။ မသိလို့ သာဓု မခေါ်နိုင်ဘူး။ **ပတ္တိဒါန**အနေနဲ့ အမျှပေးဝေလိုက်တဲ့အခါမှာ **ပတ္တာနုမောဒန**လို့ဆိုတဲ့ **'သာဓု သာဓု'** ဆိုတဲ့ ဝမ်းမြောက်အနုမောဒနာ လက်ခံလိုက်မှ ကုသိုလ်ဆိုတာရတာ၊ ဒီအတိုင်းမရဘူး။ ဒါကြောင့်မို့ 'အမျှအမျှ' ဆိုတဲ့အခါ 'သာဓုသာဓု'နဲ့ ခေါ်ကြရတာ။ သာဓုမခေါ်ဘဲ ပါးစပ်ပိတ်နေလို့ရှိရင် အမျှမရဘူး။

အေး. . တချို့က သူများ ကုသိုလ်ကောင်းမှုလုပ်လို့ သာဓုခေါ်တာဟာ အကျိုးမရှိဘူးလို့ ထင်ကောင်း ထင်လိမ့်မယ်။ သို့သော် သက်ရှိထင်ရှား

www.dhammadownload.com



ဘဝမှာ သာခုခေါ် ရင် အကျိုးပေးတယ်ဆိုတာ ၅၅၀ -ဇာတ်နိပါတ်ထဲမှာ ရှိတယ်။

## သခ်ဇာတ်လမ်း

"သခ်ပုဏ္ဏား ဆိုတာ ဘုရားလောင်းပဲ။ ပင်လယ်ခရီးကို သွားခါနီး လမ်းမှာတွေ့တဲ့ အရှင်မြတ်တစ်ပါးကို သူစီးလာတဲ့ဖိနပ်ကိုချွတ်ပြီး သန့်ရှင်းအောင်ပွတ်သပ်ကာ ဖိနပ်တစ်ရံ လှူလိုက်တယ်။ လှူပြီး သူက သင်္ဘောတက်တယ်။ သင်္ဘောနဲ့ ခရီးဆက်တဲ့အခါ ပင်လယ်ထဲမှာ မုန်တိုင်းမိပြီးတော့ သင်္ဘောပျက်ပါလေရော။

သူ့နောက်က သူ့ရဲ့အဖော် သူ့ရဲ့အလုပ်အကျွေး တစ်ယောက်ပါတယ်။ ဆရာတပည့်နှစ်ယောက် သင်္ဘောက ပျဉ်ချပ်တစ်ခုကိုရလို့ အဲဒီပျဉ်ချပ်ကိုမှီတွယ်ပြီး ပင်လယ်ထဲ မျောပါနေကြတယ်။

www.dhammadownload.com



၇-ရက် လောက်ကြတယ်။ ဖိနပ်လှူခဲ့တဲ့ ကုသိုလ်ကောင်းမှုကြောင့် မဏိမေခလာနတ်သမီးက လာကယ်တယ်။ မဏိမေခလာက ကယ်တယ်ဆိုတာ ကုသိုလ်ကြောင့် ကယ်လို့ရတာ။ ကုသိုလ်ကြောင့် ဒီပုဂ္ဂိုလ် ဒုက္ခရောက်နေတာကို မြင်ရတာ။ နို့မို့ဆို မမြင်ဘူး။ ပြောရရင် ကုသိုလ်က ကယ်တာ။ အဲဒီ ကုသိုလ်ကံကြောင့် မဏိမေခလာနတ်သမီးက သင်္ဘောကြီးဖန်ဆင်းပြီး ကယ်သွားတာ။ (ခုခေတ်မှာဆို နိုင်ငံခြားသင်္ဘောတစ်စီးက တွေ့လို့ ကယ်လာခဲ့တယ်လို့ပဲ ပြောရမှာပေါ့။)

အဲဒီမှာ သူ့ကို ကယ်ပေမယ်လို့ သူ့နောက်က ပါတဲ့လူကို လှည့်တောင် မကြည့်ဘူး၊ မကယ်ဘူး။ မကယ်တော့ ကယ်ဖို့ ပြောတယ်၊ နတ်သမီးက ကုသိုလ်ကံမရှိရင် မကယ်နိုင်ဘူးလို့ ပြောတယ်။ ဘုရားအလောင်းဆိုတာ အင်မတန် စဉ်းစားဉာဏ်

www.dhammadownload.com



ရှိတယ်။ ဘုရားအလောင်းက "ငါ့တပည့် ငါ သဘောင်တက်ခါနီးမှာ ဖိနပ်တစ်ရံ လှူခဲ့တယ်၊ အဲဒီကောင်းမှုရဲ့အဖိုကို မင်းအား အမျှဝေပါတယ်"၊ ဟိုလူက 'သာဓု သာဓု' ခေါ်တယ်။ အဲဒီကျတော့မှ အဲဒီလူကို နတ်သမီးက ကယ်တယ်။ အဲဒီဇာတ်အရ သာဓုခေါ်တာ အကျိုးပေးတယ်လို့ပဲ မှတ်ကြပါ။ ခုချိန်မှာလည်း သာဓုခေါ်ရင် သာဓုက အကျိုးပေးမှာပဲ။

## တိရိစ္ဆာန်ဘဝ အမျှဝေလို့မရ

အေး. . နောက်တစ်ဦးကတော့ အကုသိုလ်တွေလုပ်လို့ သေတဲ့အခါ တိရစ္ဆာန်ဖြစ်တယ်။ တိရစ္ဆာန်ဘဝမှာ သူ့ကံနဲ့သူ ရပ်တည်တယ်။ ဒီဘဝက ကုသိုလ်ကောင်းမှုလုပ်ပြီး အမျှအတမ်းပေးဝေပေမယ့် ဒီကုသိုလ်အမျှကို သူရမှာ မဟုတ်ဘူး။

www.dhammadownload.com



## လူ့ဘဝ အမျှကုသိုလ်

နောက်တစ်ဦးကတော့ ကုသိုလ်ကောင်းမှုတွေ သူလုပ်တယ်။ သူစရိုက်(၁၀)ပါး အကျင့်တရားတွေကို ကျင့်ကြံကြိုးကုတ် အားထုတ်တယ်။ သေသည်၏အခြားမဲ့၌ လူဖြစ်တယ်။ လူ့ဘဝရောက်တဲ့အခါမှာ လူ့စည်းစိမ်ချမ်းသာခံစားပြီး အသက်ရှင်နေတယ်။ ကျန်ရစ်တဲ့ ဆွေတွေမျိုးတွေက အမျှအတမ်း ပေးဝေပေမယ့် လူ့ဘဝရောက်တဲ့ ပုဂ္ဂိုလ်က မရဘူး။ ရစေကာမူ များစွာထူးခြားမှု မဖြစ်ဘူး။

## နတ်ဘဝ အမျှကုသိုလ်

တစ်ဦးက ကုသိုလ်ကောင်းမှုတွေ လုပ်လို့ သေသည်၏အခြားမဲ့၌ နတ်ပြည်ရောက်သွားတယ်။ အဲဒီနတ်ပြည်ရောက်သွားတဲ့ ပုဂ္ဂိုလ်လည်း နတ်စည်းစိမ်ချမ်းသာနဲ့ နတ်ဘုံနတ်ဘဝမှာ ပျော်မွေ့နေတယ်။

www.dhammadownload.com



ဒီဘဝကကျန်ရစ်တဲ့မိဘဆွေမျိုးတွေက အမျှအတမ်း ပေးဝေလို့ သူ မရဘူးလို့ ဆိုတယ်။

ကဲ . . အားလုံး တမလွန်ဘဝ ရောက်သွားတဲ့ ပုဂ္ဂိုလ်ဟာ (၁) ငရဲကျသွားရင်လည်း အမျှဝေလို့ မရဘူး၊ (၂) တိရစ္ဆာန်ဖြစ်နေရင်လည်း အမျှအတန်း ပေးဝေလို့ မရဘူး၊ (၃) လူ့ပြည်ရောက်နေရင်လည်း အမျှဝေလို့ မရဘူး၊ (၄)နတ်ပြည်ရောက်နေရင်လည်း အမျှဝေလို့မရဘူးတဲ့ ဒီလိုဆိုလိုတယ်။

## ပြိတ္တာဘဝ အမျှရ

အကုသိုလ်ကံတွေ လုပ်သည့်အတွက် သေသည်၏အခြားမဲ့၌ ပြိတ္တာဖြစ်သွားတယ်။ ပြိတ္တာဆိုတာ တစ္ဆေတို့ သရဲတို့ပဲ ပြောပါစို့။ ပစ္စည်းစွဲလို့ပဲ ဖြစ်စေ၊ မိသားစုအပေါ် စွဲလို့ဖြစ်စေ အိမ်နှင့်အိမ်အနီးအပါးမှာ ပြိတ္တာဖြစ်နေတယ်။ လူတွေက

www.dhammadownload.com



မကျွတ်ဘူးလို့ ပြောကြတယ်။ သံသရာဝဋ်ရှုက မလွတ်သေးသမျှ မကျွတ်သူတွေချည်းပဲ။ သို့သော် တစ္ဆေဖြစ်တာကိုမှ မကျွတ်ဘူးလို့ ထင်နေကြတာ။

အဲဒီလို ပြိတ္တာဘဝရောက်နေတဲ့ပုဂ္ဂိုလ်ဟာ ပြိတ္တာဘဝမှာ သူ့အကျိုးပေးသမျှနဲ့ ရပ်တည်တာက တစ်ခုတဲ့။ ဒီဘဝက ဆွေတွေမျိုးတွေက ကုသိုလ်ကောင်းမှုလုပ်ပြီး အမျှအတမ်း ပေးဝေလို့ရှိလည်း အဲဒီ ကုသိုလ်ကောင်းမှုကို အမှီပြုပြီး ဘဝရပ်တည်မှုရနိုင်တယ်တဲ့။ ဘဝရပ်တည်ဖို့ လမ်းကြောင်းက နှစ်ခုရှိတယ်၊ သူ့ကံ အကျိုးပေးနဲ့ ရပ်တည်တာက တစ်ခု၊ ဒီဘဝက ဆွေတွေမျိုးတွေက ကုသိုလ်ပြုပြီး အမျှဝေတဲ့အခါမှာ သာခုခေါ်လိုက်လို့ရတဲ့ ကုသိုလ်ကို မှီပြီး ရပ်တည်နိုင်တာက တစ်ခု၊ ဒီလိုပြောတာ။

www.dhammadownload.com



## ဂတိ ငါးပါး

ဂတိဆိုတာ ငါးပါးရှိတယ်။ **'နိရယဂတိ'**၊ **'တိရစ္ဆာနဂတိ'**၊ **'ပေတဂတိ'**၊ **'မနုဿဂတိ'**၊ **'ဒေဝဂတိ'**။ သတ္တဝါတွေရဲ့ သွားရာလမ်းကြောင်းကြီး ၅-သွယ်ရှိတယ်၊ အဲဒီထဲမှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဆိုတာ ဒုစရိုက်ကြောင့် ရောက်ရတဲ့ဂတိ။ လူ့ဘုံ၊ နတ်ဘုံဆိုတဲ့ ဒီဂတိနှစ်ခုကိုတော့ သုစရိုက်ကြောင့် ရောက်ရတဲ့ ဂတိလို့ ဒီလိုမှတ်ရမယ်။

အဲဒီထဲမှာ **ပေတဂတိ** ရောက်တဲ့ပုဂ္ဂိုလ်တစ်ဦးတည်းသာလျှင် ဒီဘဝက ကုသိုလ်ကောင်းမှုလုပ်ပြီး အမျှအတမ်းပေးဝေရင် အကျိုးရှိနိုင်တယ်လို့ ဒီလို ဟောတယ်နော်။

ဇာဏုသောဏိပုဏ္ဏားကြီးကို အဲဒီလိုရှင်းပြီး ဟောလိုက်တဲ့အခါ ပုဏ္ဏားကြီးက ထပ်မေးတယ်၊ "အရှင်ဘုရား တပည့်တော်တို့ ရည်စူးတဲ့ ပုဂ္ဂိုလ်ကတဲ့

www.dhammadownload.com



အဲဒီပြိတ္တာဘုံမှာ မဖြစ်ဘူးဆိုရင် အမျှအတမ်း ပေးဝေလိုက်တဲ့ ကုသိုလ်ကို ဘယ်သူရတုန်း” တဲ့။ ဒါလဲ စဉ်းစားစရာကောင်းတဲ့ မေးခွန်းတစ်ခုပဲ။ အဲဒီ မေးခွန်းကို မြတ်စွာဘုရား ဖြေတာက “အေး. . ကိုယ်ရည်ညွှန်းတဲ့ပုဂ္ဂိုလ် မရဘူးဆိုရင် ဆွေဟောင်း မျိုးဟောင်း ဘိုးဟောင်းဘွားဟောင်းတွေ ရှိတာပေါ့ တဲ့ အဲဒီဆွေတွေမျိုးတွေက ရတာပဲ”တဲ့။

ကိုယ်ကသာမေ့ချင်မေ့နေမှာ ဆွေမျိုးတွေဆို တာက မေ့ချင်မှမေ့မှာလေ။ ရှင်သာရိပုတ္တရာ လွန်ခဲ့ တဲ့သုံးဘဝက မယ်တော်ကြီးဟာ ပြိတ္တာမကြီးဖြစ်နေ တယ်။ အားကိုးလိုက်ရှာတဲ့အခါ ရှင်သာရိပုတ္တရာကို တွေ့တယ်၊ “သြော်. . ဒါငါ့သားကြီးပဲ” ဆိုပြီး အကူ အညီ လာတောင်းတယ်။ ရှင်သာရိပုတ္တရာ မထေရ် မြတ်က ဝါးကျောင်းလေးဆောက်ပြီး သံဃာအားလှူ ဆွမ်းခံရတဲ့ ဆွမ်းကိုလည်း သံဃာအားလှူဒါန်းပြီး

www.dhammadownload.com



အဲဒီ ပြိတ္တာမကြီးကို အမျှဝေလိုက်တဲ့အခါ နေစရာ ဗိမာန်ကြီး ရသွားတယ်၊ စားစရာ နတ်သြဇာတွေလည်း ရသွားတယ်။

ဒီလိုပုံဝတ္ထုတွေကိုသိချင်လို့ရှိရင် **ပေတဝတ္ထု**တို့ **ဝိမာနဝတ္ထု**တို့ကို ဖတ်ရမယ်။ မြန်မာနိုင်ငံမှာလည်း ဒီလိုအတွေ့အကြုံရေးထားတဲ့ ဝတ္ထုမျိုးတွေလည်း ရှိတယ်။ အမျှအတမ်း ပေးဝေလိုက်လို့ရှိရင် ရတယ်၊ ကုသိုလ်ကောင်းမှုကြောင့် ချမ်းသာသုခ ရသွားကြတာတွေ မြောက်မြားစွာ ရှိတယ်ပေါ့။

အဲဒီမှာ ဇာဏုသောဏိပုဏ္ဏားကြီးကမေးတဲ့အခါ မြတ်စွာဘုရားက "ကိုယ်ရည်စူးတဲ့ ဆွေမျိုးသားချင်းက တမလွန်ဘဝ ပြိတ္တာဘုံမှာ မရှိဘူးဆိုရင် ရှိတဲ့ဆွေတွေမျိုးတွေ ရတာပေါ့"လို့မေးတယ်။ ပုဏ္ဏားကြီးကထပ်မေးတယ်။ "အရှင်ဘုရား တပည့်တော်တို့ ရည်စူးတဲ့ ပုဂ္ဂိုလ်လည်းမရှိဘူး တခြားဆွေမျိုးသား

www.dhammadownload.com



ချင်းတွေလည်း မရှိဘူးဆိုရင်ကော ဘယ်သူရမှာလဲ"။ မြတ်စွာဘုရားက "သံသရာဆိုတာ အလွန်ကြာတယ်။ ကိုယ့်ဆွေမျိုးတွေမရှိတဲ့ ပြိတ္တာဘုံဆိုတာ ဘယ်တော့မှ မရှိနိုင်ဘူး"တဲ့။

လွန်ခဲ့တဲ့ ၉၂-ကမ္ဘာ ဖုဿဘုရားလက်ထက်က ဗိမ္ဗိသာရမင်းကြီးရဲ့ ဆွေတွေမျိုးတွေ ပြိတ္တာဘုံ ရောက်နေတာတွေ ရှိတယ်။

ပြိတ္တာဘဝရောက် ဆွေတွေမျိုးတွေက ကိုယ့်ဆွေမျိုး အမျှအတမ်းပေးဝေမှာကို စောင့်စားပြီးနေကြတယ်၊ အမျှအတမ်း ပေးဝေတဲ့အခါ ဝမ်းမြောက်နှမော် သာဓုခေါ်လိုက်တာနဲ့ တပြိုင်နက် သူတို့ရဲ့ ဘဝအခြေအနေတွေဟာ တိုးတက်ပြောင်းလဲသွားတယ်တဲ့။ ဘယ်အရာကြောင့် ပြောင်းလဲတာတုန်းဆိုရင် သူတို့ သန္တာန်မှာဖြစ်တဲ့ ကုသိုလ်ကြောင့် ပြောင်းလဲတာ။

www.dhammadownload.com



ကုသိုလ်ဟာ အမိကကျတယ် ဆိုတဲ့ အကြောင်းနဲ့ ပတ်သတ်ပြီး မှတ်သားစရာတစ်ခု ပြောရဦးမယ်။

'ဘဝတုသဗ္ဗမင်္ဂလံ၊
ရက္ခန္တု သဗ္ဗဒေဝတာ၊
သဗ္ဗဗုဒ္ဓါနုဘာဝေန၊
သဒါ သုခီ ဘဝန္တု တေ။'

သဗ္ဗဗုဒ္ဓါနုဘာဝေန ကို 'အလုံးစုံသောဘုရားရှင်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်' လို့ ဒီလို ဘာသာပြန်လေ့ ရှိကြတယ်။

'ဘုရားရဲ့တန်ခိုးကြောင့် ချမ်းသာတယ်' လို့ ဒီလိုပြောရင် လူတွေဟာ တန်ခိုးကို အားကိုးကြမယ်။ အစွမ်းတန်ခိုးရှိတဲ့ ပုဂ္ဂိုလ်ဆိုရင် အားကိုးကြမယ်၊ ချမ်းသာလိမ့်နိုး မျှော်ကိုးကြမယ်။ တကယ်ကတော့ ဘုရားတန်ခိုးကြောင့် ချမ်းသာတာ မဟုတ်ဘူး။

www.dhammadownload.com



သဗ္ဗဗုဒ္ဓါနုဘာဝေန ကို တကယ်ဘာသာပြန်သင့်တာက ဘာတုန်းဆို 'အလုံးစုံသော ဘုရားသခင်ကိုယ်တော်မြတ်တို့ကို ရှိခိုးပူဇော်ရတဲ့ ကုသိုလ်ကောင်းမှု၏ အစွမ်းတန်ခိုးကြောင့်' လို့ ဒီလိုဘာသာပြန်သင့်တယ်။ ဘုရားကို အာရုံပြုပြီး ကိုယ့်သန္တာန်မှာဖြစ်ပေါ်လာတဲ့ ကုသိုလ်တရားကမှ တကယ့်အစွမ်းတန်ခိုးထက်တာ။ အဲဒီအစွမ်းတန်ခိုးကြောင့် ချမ်းသာကြပါစေဆိုမှ ပိုမှန်ကန်တယ်။ မြတ်စွာဘုရားက မ,တာ မဟုတ်ဘူး။ ကိုယ်လုပ်တဲ့ ကုသိုလ်က မ,တာ။

အဲဒါကြောင့်မို့ ကိုယ့်သန္တာန်မှာ ကုသိုလ်ဖြစ်အောင်ကြိုးစားရမယ်။ အဲဒီလို မသိလို့ရှိရင် လူတွေက ဘုရားကိုးကွယ်တာတောင်မှ လာဘ်ကောင်းတဲ့ဘုရားကိုမှ ကိုးကွယ်ကြမယ်။ လာဘ်မကောင်းရင် စွန့်ပစ်ကြလိမ့်မယ်။ လာဘ်မျှော်ကိုးကွယ်ရန် သရဏဂုံတောင် မမြောက်ဘူး။

www.dhammadownload.com



မြတ်စွာဘုရား ကိုယ်တိုင်ကလည်း '**ပုညာနံ ဘိက္ခဝေ မာ ဘာယိတ္ထ၊ သုခဿေတံ အဓိဝစနံ ယဒိဒံ ပုညာနီတိ**' ချမ်းသာချင်ရင် ကုသိုလ်ကို မကြောက်နဲ့တဲ့၊ ကုသိုလ်များများလုပ်၊ ကုသိုလ်များမှ ချမ်းသာမယ်။ ဒီလိုဟောထားတာ။

အေး ဒါကြောင့်မို့ တမလွန်ဘဝပြောင်းသွားတဲ့ ပုဂ္ဂိုလ်လည်း ဒီကကုသိုလ်ကြောင့် ချမ်းသာသုခ ရသွားတယ် ဆိုတဲ့နေရာမှာ ဆက်စပ်မှုရှိတာကိုသာ ပြောတာ။ ဒီက အမျှဝေလျက်သားနဲ့ သူတို့က သာဓု မခေါ်ဘူးဆိုရင် မရဘူး။ သာဓုခေါ်တာဟာ ပုညကြိယာဝတ္ထု ၁၀-မျိုးထဲမှ **ပတ္တာနုမောဒန** ကုသိုလ်တစ်ခုပဲ။

ပုညကြိယာဝတ္ထု ဆိုတာ ပြုလုပ်သင့်ပြုလုပ်ထိုက်တဲ့ ကုသိုလ်မို့ ပုညကိရိယ၊ ချမ်းသာသုခရဲ့ တည်ရာဖြစ်လို့ **ဝတ္ထု**။ ချမ်းသာသုခရဲ့ အကြောင်း

www.dhammadownload.com



တရားဖြစ်ပြီး လုပ်သင့်လုပ်ထိုက်တဲ့ ကုသိုလ် ၁၀-မျိုးထဲမှာ သာဓုခေါ်တာလည်း ကုသိုလ်တစ်မျိုးပဲတဲ့။ အဲဒီသာဓုခေါ်တဲ့ ကုသိုလ်ကြောင့် ပြိတ္တာဘုံရောက်နေတဲ့ ပုဂ္ဂိုလ်တွေ အကျိုးခံစားကြရတာလို့ ဒီလိုမှတ်ရမယ်၊ အကယ်၍ သာဓုမခေါ်နိုင်ဘူးဆိုရင် သူတို့မရဘူး။

မြတ်စွာဘုရားကဖြေတယ် "ပြိတ္တာဘုံမှာ ကိုယ့်ဆွေမျိုးသားချင်းတွေ မရှိတဲ့အခါဆိုတာ မရှိနိုင်ပါဘူး"တဲ့။ "ဒါ့အပြင် လှူသူကိုယ်တိုင် ကုသိုလ်တွေ အများကြီးရပါတယ်"လို့ ဒီလိုဟောတာ။ ပြုသူကိုယ်တိုင်က အများကြီးရတယ်လို့ ပြောတာ၊ ဆွေမျိုးသားချင်းကို ရည်စူးပြီးတော့ ပြုတာဖြစ်ဖြစ်၊ ကိုယ်ကိုယ်တိုင် ကုသိုလ်ရဘို့ လုပ်တာပဲဖြစ်ဖြစ်၊ ပြုလုပ်တဲ့ပုဂ္ဂိုလ်ကတော့ကုသိုလ်ရပြီးသားပဲ။

www.dhammadownload.com



တချို့ကထင်တယ် 'ဒီကောင်းမှုက အမေ့အတွက်လုပ်တယ်၊ အဖေ့အတွက် လုပ်တယ်၊ ကိုယ့်အတွက်မပါဘူး'လို့ ဒီလိုထင်ကောင်းထင်မယ်။ မဟုတ်ဘူး ကုသိုလ်ကောင်းမှု လုပ်လို့ရှိရင် ဘယ်သူ့အတွက်ပဲ ရည်စူးရည်စူး၊ ပထမ ကုသိုလ်ရသူက ကိုယ်ပဲ။ တဖက်သားက သာဓုခေါ်နိုင်မှသာ အဲဒီကုသိုလ်ကို သူတို့ရတာ၊ သာဓုမခေါ်နိုင်ရင် သူတို့မရဘူး' ဒီလိုမှတ်ရမယ်။

အေး. . ကောင်းပြီ မြတ်စွာဘုရားက 'လှူသူ တန်းသူ ကုသိုလ်ကောင်းမှု ပြုသူကိုယ်တိုင်က ဒီကုသိုလ်ရဲ့ အကျိုးတွေကို ခံစားရတယ်' လို့ ရှင်းပြတဲ့အခါ ပုဏ္ဏားကြီးက ဝမ်းသာတယ်။ "အရှင်ဘုရား အဲဒီလိုဆို မဖြစ်နိုင်တဲ့ နေရာမှာလည်းပဲ အရှင်ဘုရား အကျိုးခံစားရတယ်"လို့ဆိုလိုတာလား လို့ မေးပြန်တယ်။

www.dhammadownload.com



မြတ်စွာဘုရားက ရှင်းပြတယ်။ "ဆိုပါစို့တဲ့ လူတစ်ယောက်ဟာ ဒုစရိုက်လုပ်ငန်းတွေလုပ်တယ် ဒုစရိုက်တွေကြောင့် သေသွားတဲ့အခါမှာ ဆင်သွားဖြစ်တယ်၊ သို့သော် သူက ဒုစရိုက်တွေ လုပ်ပေမယ့် လို့ လှူမှုတန်းမှု ဝါသနာပါတယ်၊ လှူတယ်။ ဒါကြောင့်မို့ သူဟာ ဒုစရိုက်လုပ်လို့ ဆင်ဖြစ်တယ်၊ တိရစ္ဆာန်ဘဝ ရောက်သွားတယ်၊ လှူခဲ့တန်းခဲ့သည့် အတွက်ကြောင့် ဆင်ဖြူတော်ဆိုပြီးတော့ ခမ်းခမ်းနားနား၊ သူ့အကာအရံနဲ့ အမိုးနဲ့ ကျွေးတာမွေးတာ တွေနဲ့ ရေချိုးပေးမယ့်လူနဲ့ နေရတယ်။" ဆင်ပေမယ့် လို့ ဇိမ်နဲ့ နေရတဲ့ဆင်က ရှိသေးတယ်။

အဲဒီအတိုင်းပဲ ခွေးတွေရော ဇိမ်နဲ့နေရတဲ့ ခွေးမရှိဘူးလား၊ ရှိတယ်။ အခုခေတ်ဆို ခွေးတွေက မော်ဒယ်မြင့်တဲ့ ကားကြီးတွေစီးလို့၊ လူအိပ်တဲ့ နေရာကြီးတွေအိပ်လို့ ခွေးစာတောင်မှပဲ စပါယ်ရှယ်

www.dhammadownload.com



ထုတ်လုပ်ထားတဲ့ ခွေးစာကြွေးရတယ်။ တချို့များ ကြက်ဥကဘယ်နှစ်လုံး အသားကဘယ်နှတုံးနဲ့ လူ အချို့ထက်တောင် သာနေသေးတယ်။ အဲဒါ ဒါနရှိခဲ့ တဲ့ခွေးပဲ။ ဒါနမရှိခဲ့တဲ့ ခွေးကျတော့ ဟိုအမှိုက်ပုံးနမ်း၊ ဒီအမှိုက်ပုံးနမ်းနဲ့ စားစရာ လိုက်ရှာနေကြရတာ။ တိရစ္ဆာန်ဘဝ ရောက်တောင်မှ ဒါနကုသိုလ်ရဲ့ အကျိုးကို ခံစားရတယ်လို့ မြတ်စွာဘုရားက ဟော တာနော်။ လှူတဲ့ပုဂ္ဂိုလ်ဟာ တိရစ္ဆာန်ဖြစ်ဦးတော့ ကောင်းကျိုးချမ်းသာတွေ ရတယ်လို့ပြောတာ။

ထို့အတူပဲ လှူတဲ့ပုဂ္ဂိုလ်ဟာ လှူပြီဆိုလို့ရှိရင် ထိုလှူတဲ့ အကျိုးဟာ ဖြစ်လေရာဘဝမှာ အကျိုးပေး မယ်။ ဒါနကောင်းမှုလုပ်တယ်၊ သုစရိုက်တရားတွေ ကျင့်သုံးဆောက်တည်တယ်။ ကျင့်သုံး ဆောက်တည် သည့်အတွက်ကြောင့် လူ့ပြည်ရောက်တယ်၊ ဒါန ကောင်းမှုတွေ လုပ်ခဲ့သည့်အတွက်ကြောင့် လူ့ဘုံ

www.dhammadownload.com



လူ့ဘဝမှာ လူချမ်းသာတစ်ယောက် ဖြစ်တယ်။ သူစရိုက် လုပ်သည့်အတွက်ကြောင့် လူဖြစ်တယ် ဆိုတာက သီလကြောင့် လူဖြစ်တယ်၊ သီလကြောင့် လူ့ဘဝ ရောက်တယ်။ ဒါနကြောင့် လူချမ်းသာ ဖြစ်တယ်။

ထို့အတူပဲ သုစရိုက်တရားတွေကို ကျင့်သုံးခဲ့သည့်အတွက်ကြောင့် နတ်ပြည်ရောက်တယ် ဒါနကောင်းမှုကြောင့် နတ်စည်းစိမ်ချမ်းသာ သူများနဲ့ မတူအောင် ချမ်းသာတယ်၊ ဟော. . ဒီအကျိုးရတယ်။

ဒါကြောင့်မို့ သူ့အကျိုးနဲ့သူပဲ၊ ဒါနကောင်းမှု လုပ်တဲ့ပုဂ္ဂိုလ်က တိရစ္ဆာန်ဖြစ်လည်း ကောင်းကျိုးချမ်းသာတွေ ခံစားရတယ်၊ လူဖြစ်လဲ ကောင်းကျိုးချမ်းသာတွေ ခံစားရတယ်၊ နတ်ဖြစ်လဲ ကောင်းကျိုးချမ်းသာတွေ ခံစားရတယ်။ ဒါကြောင့်မို့ ဒါနကောင်း

www.dhammadownload.com



မှုပြုလုပ်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ အကျိုးမဲ့မဖြစ်ဘူးလို့ မြတ်စွာဘုရားက ဟောထားတာ။

အဲဒီလိုဟောလိုက်တဲ့ အခါဆွေတွေမျိုးတွေကို ရည်စူးပြီး ဒါနကောင်းမှုပြုတာ ဆွေမျိုးတွေအတွက်သာ၊ ပြုတဲ့သူမရဘူးလို့ ထင်နေတဲ့ ပုဏ္ဏားကြီးဟာ "အရှင်ဘုရား ဝမ်းသာစရာပဲ၊ ဒီလိုဆိုရင် ဒါနတွေ သိပ်လုပ်သင့်တာပေါ့"တဲ့။ လှူသင့်တန်းသင့်တယ် ဖြစ်လေရာဘဝမှာ ဘယ်ဘဝရောက်ရောက် ချမ်းချမ်းသာသာ နေရတယ်ဆိုတော့ အင်မတန်မှ တန်ဘိုးရှိပါလားလို့ ဝမ်းမြောက်စကား လျှောက်ကြားတယ်။ အဲဒီ **ဇာဏုသောဏိသုတ်**ဆိုတာ **အင်္ဂုတ္တရနိကာယ်** မှာ ပါရှိတယ်။

အေး မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့ဟာ တမလွန်ဘဝက ဆွေမျိုးတွေရဲ့အရေးကို မှန်ကန်တဲ့နည်းလမ်းနဲ့ စဉ်းစားပြီး

www.dhammadownload.com



ထိုဆွေမျိုးတွေအတွက် ကုသိုလ်ကောင်းမှု လုပ်ပြီး အမျှအတမ်း ပေးဝေကြတယ်။ ထိုအမျှအတမ်း ပေးဝေတဲ့အလုပ်ဟာ မှန်ကန်တဲ့ အလုပ်တစ်ခု ဖြစ်တယ်။ ဘာကြောင့် မှန်ကန်သလဲဆိုရင် လုပ်သူတွေ ကိုယ်တိုင်လည်း ကုသိုလ်ရတယ်။ အလွမ်းပြေရုံမျှမက ဒီကုသိုလ်ကောင်းမှုကို တမလွန်ဘဝက ဆွေတွေမျိုးတွေ သိရှိပြီး ဝမ်းမြောက်နှမော် သာဓုခေါ်မယ်ဆိုရင် သူတို့ဘဝဟာလည်း တိုးတက်ကောင်းမွန်သွားကြမှာ ဖြစ်ပါတယ်။

ဒီဘဝမှာ အဆောက်အဦး ဆောက်လှူပြီး အမျှဝေလိုက်ရင် ဟိုဘက်မှာ သူတို့ဘုံဗိမာန်တွေ ရမယ်။ ဒီဘဝက အဝတ်အစား လှူပြီး အမျှဝေလိုက်ရင် ဟိုဘက်မှာ နတ်ဝတ်တန်ဆာတွေရတယ်၊ ဒီဘဝက လှူလိုက်တဲ့ ကုသိုလ်ကောင်းမှုဟာ ချက်ချင်း သူတို့ဘဝမှာ အကျိုးပေးတယ်။

www.dhammadownload.com



ချက်ချင်းလို့ဆိုတာ ဘယ်လောက်ထိ မြန်သလဲဆိုတာ မြတ်စွာဘုရားက ဥပမာနှစ်ရပ်နဲ့ ရှင်းပြတယ်။

ဥန္နမေ ဥဒကော ဝုဋ္ဌံ၊
ယထာနိန္နံ ပဝတ္တတိ၊
ဧဝမေဝ ဣတော ဒိန္နံ၊
ပေတာနံ ဥပကပ္ပတိ။

ကုန်းမြင့်ပေါ် ရွာချလိုက်တဲ့မိုးရေတွေဟာ နိမ့်ရာအရပ်ကို ဒလဟောစီးဆင်းသွားတယ်၊ အဲဒါလိုပဲ ဒီဘဝက ကုသိုလ်ကောင်းမှုတွေကို အမျှပေးလိုက်တာနဲ့တပြိုင်နက် တစ်ခါတည်း ပြည့်ပြည့်စုံစုံကြီး ရသွားတယ်တဲ့။

နောက်ဥပမာတစ်ခုက-

ယထာ ဝါရိဝဟာ ပူရာ၊
ပရိပူရေန္တိ သာဂရံ၊

www.dhammadownload.com



## ဧဝမေဝ ဣတော ဒိန္နံ၊ ပေတာနံ ဥပကပ္ပတိ။

မြစ်ချောင်းအင်းအိုင်တွေက မြစ်တွေဟာ ပင်လယ်ထဲကို စီးဝင်နေကြတယ်၊ ရေတွေ ပင်လယ်ထဲကို စီးဝင်သွားသလိုပဲ ဒီဘဝက လှူလိုက်တဲ့ ကုသိုလ်ကောင်းမှုတွေဟာ မိမိတို့ရည်ညွှန်းတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဘဝထဲကို စီးဝင်သွားတယ်။

အေး ဒါကြောင့်မို့ တမလွန်ဘဝက ဆွေမျိုးတွေအရေးကို စဉ်းစားမယ်ဆိုရင် ကုသိုလ်လုပ်ပြီး အမျှဝေရမယ်။ သတင်းစာထဲ အလွမ်းပြေထည့်တာကလည်း ကိုယ့်အတွက် စိတ်ဖြေသိမ့်ရုံမှတစ်ပါး သူတို့အတွက် ဘာမှ အကျိုးမရှိဘူးတဲ့။ သင်္ချိုင်းသွားပြီး ပန်းခြင်းလေးတွေ ချတာကလည်း ကိုယ့်အတွက် စိတ်ဖြေသိမ့်ရုံမှတစ်ပါး သူတို့အတွက် ဘာမှအကျိုးရမှာ မဟုတ်ဘူး။ ကြိုက်တတ်တဲ့ အစားအစာလေး

www.dhammadownload.com



တွေ သွားချတာလည်းပဲ သူတို့အတွက် အကျိုးရမှာ မဟုတ်ဘူး။ သူတို့အတွက် တကယ်အကျိုးရတာက တော့ ကုသိုလ်ကောင်းမှုလုပ်ပြီး အမျှအတမ်း ပေးဝေခြင်းဖြစ်တယ်၊ အဲဒါကသာလျှင် သူတို့အတွက် ကောင်းကျိုးချမ်းသာ ရနိုင်တယ်။

ယခုကို မှန်ကန်တဲ့ အသိနဲ့ တမလွန်ဘဝက ဆွေမျိုးတွေရဲ့အရေးကို စဉ်းစားပြီး အကျိုးရှိတဲ့ အလုပ်ကိုလုပ်ဖို့ အင်မတန်မှ အရေးကြီးတယ်ဆိုတဲ့ အကြောင်းကို **တမလွန်ဘဝက ဆွေမျိုးများအရေး** တရားဒေသနာနဲ့ ရှင်းလင်းဟောကြားခြင်း ဖြစ်ပါ တယ်။

တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်း တို့သည် တမလွန်ဘဝက ဆွေမျိုးတွေရဲ့အရေးကို စဉ်းစားမယ်ဆိုရင် ကုသိုလ်ကောင်းမှု လုပ်ပြီး အမျှ အတမ်းပေးဝေခြင်းသည်သာလျှင် မှန်ကန်သော

www.dhammadownload.com



နည်းလမ်းဖြစ်တယ်လို့ သိရှိပြီး ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

2B

www.dhammadownload.com

## ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဇမ္ဗူ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄၊ ၀၉-၅၅၀၀၈၃၅

၃။ **ဓမ္မဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ **ပုရပိုက်ဓမ္မဖြန့်ချိရေး**
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၃၉၇၀

www.dhammadownload.com

# အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

www.dhammadownload.com

၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသ တဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူ့တိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမက္ခာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

www.dhammadownload.com

၄၂။ လွှတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်မှား အမြင်မှား
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပဗ္ဗဇ္ဇာသုတ် အနှစ်ချုပ်
၅၉။ ဘေသဇ္ဇဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

www.dhammadownload.com


၆၃။ နိုင်သူနှင့်ရှုံးသူ

၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ

၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း

၆၆။ တရားထူးရနိုင်သူ

၆၇။ ကျေးဇူးသိခြင်း

၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်

၆၉။ ကာလာမသုတ် အနှစ်ချုပ်

၇၀။ ခုခံစွမ်းအား

၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်

၇၂။ အခွင့်ကောင်းကို ရအောင်ယူ

၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း

၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ

၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်

၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ

၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း

၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ

၇၉။ ဒက္ခိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်

၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား

၈၁။ နိယျာနိကသာသနာ

၈၂။ အနတ္တလက္ခဏသုတ် အနှစ်ချုပ်

၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

www.dhammadownload.com

၈၄။ ရှင်ရာဟုလာ၏ဘ၀နှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ

၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း

၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ

၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား

၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ

၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ

၉၀။ ကမ္မဋ္ဌာန်းဆရာ

၉၁။ ဇာတိမြေမှ သာသနာ

၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ

၉၃။ စရိုက်နှင့်ဝါသနာ

၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်

၉၅။ သာသနာပြုစွမ်းအားစု

၉၆။ လူဆိုးလူမိုက်

၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ

၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း

၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ

၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ

၁၀၁။ အာနာပါနသတိသုတ်အနှစ်ချုပ်

၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ

၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ

၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား

၁၀၅။ ဓမ္မသံဝေဂနှင့် ဘဝဆည်းဆာ

www.dhammadownload.com

၁၀၆။ ဆင်းရဲမွဲတေမှု လျှော့ချရေး
၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး
၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ
၁၁၀။ မွေးနေ့လက်ဆောင်
၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ
၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း
၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ
၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ
၁၁၆။ ဉာတပရိညာ
၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ
၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား
၁၁၉။ သစ္စဒေသနာ ဓမ္မစကြာ
၁၂၀။ အားကိုးခြင်း
၁၂၁။ သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်
၁၂၂။ အတ္တဟိတ နှင့် ပရဟိတ
၁၂၃။ အသက်ရှည်လေ ပိုကောင်းလေ
၁၂၄။ မိဘနှင့်သားသမီးအကြား မှန်ကန်သောအမြင်များ
၁၂၅။ အများအတွက် သံဃာတော်တို့၏ဆောင်ရွက်ချက်
၁၂၆။ သလ္လေခသုတ်အနှစ်ချုပ်

www.dhammadownload.com

၁၂၇။ ကောသလအိပ်မက်နှင့်ယနေ့ကမ္ဘာ
၁၂၈။ ပိယတော ဇာယတေ သောကော
၁၂၉။ ဆရာမြတ်ကို ဆည်းကပ်ရမည့်အခါ
၁၃၀။ ဓမ္မတာဝန်
၁၃၁။ ဥပုသ်သည်တို့၏ စကားဝိုင်း
၁၃၂။ ရှင်ပြုအလှူတော်မင်္ဂလာ အနုမောဒနာ
၁၃၃။ ပါရာယနဒေသနာ
၁၃၄။ ဒုဂ္ဂတိဘုံသားတို့၏ အမှာစကား
၁၃၅။ မြတ်ဗုဒ္ဓသာသနာ နှင့်
သီတင်းကျွတ်လပြည့်နေ့အမှတ်တရများ
၁၃၆။ ဝိဝါဒမူလ(၆)ပါးနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမစကား
၁၃၇။ ကိုယ့်ဘဝ ကိုယ်ပြင်
၁၃၈။ ဝိပဿနာရှုဖွယ် တောလေးဆယ်
၁၃၉။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၁)
၁၄၀။ ပတ်ဝန်းကျင်ကိုရှုမြင်၍ မိမိဘဝကို ပြုပြင်ခြင်း
၁၄၁။ သူတော်ကောင်းသည် အားလုံးအတွက်ဖြစ်သည်
၁၄၂။ သူတော်ကောင်းတို့ တောင်းသောဆု
၁၄၃။ ဒုစရိုက်အကျိုး အဆိုးပုံရိပ်များ
၁၄၄။ အောင်မြင်ကြီးပွား စက်လေးပါး
၁၄၅။ စေတနာကောင်းလျှင် ကံကောင်းသည်
၁၄၆။ စိတ်ကောင်းရှိဖို့က ပထမ
၁၄၇။ တမလွန်ဘဝက ဆွေမျိုးများအရေး

www.dhammadownload.com